
วัคซีนเพื่อสังคมไทยสู้โควิด

# ကိုဗစ်

## ကာကွယ်ဆေးဆိုင်ရာ

## လက်စွဲစာအုပ်









# မာတိကာ


| | |
|---|---|
| ကိုဗစ် - ၁၉ နှင့် ကျွန်ုပ်တို့၏အန္တရာယ်များ | 1 |
| ကိုဗစ်ကာကွယ်ဆေးအကြောင်းသိကောင်းစရာ | 3 |
| ကာကွယ်ဆေးအလုပ်လုပ်ပုံ | 5 |
| အမျိုးအစားမညီသောကာကွယ်ဆေးများသည် အာနိသင်နှင့် အန္တရာယ်ကင်းမှုအတွက် ကွာခြားမှုရှိပါသလား။ | 7 |
| ကာကွယ်ဆေးထိုးပြီးနောက် ရောဂါကူးစက်နိုင်မှုနှင့် ရောဂါပျံ့နှံ့နိုင်သည့်အခွင့်အလမ်း ရှိနိုင်သေးသည်။ | 9 |
| ကိုဗစ်ကာကွယ်ဆေးနှင့်ဗီဇပြောင်းရောဂါပိုး | 10 |
| ကာကွယ်ဆေး၏ထိရောက်မှု၊ အာနိသင်နှင့်ဘေးကင်းလုံခြုံမှုထောက်ခံချက် | 11 |
| မည်သူသည်ကာကွယ်ဆေးထိုးသင့်သလဲ | 12 |
| ကာကွယ်ဆေးမထိုးသင့်သူများ | 13 |
| ကာကွယ်ဆေးထိုးပြီးနောက်ဆိုးကျိုးများ | 14 |
| ကာကွယ်ဆေးဝန်ဆောင်မှုပေးခြင်း | 16 |
| ကာကွယ်ဆေးမထိုးမီ၊ ထိုးနေစဉ်၊ ထိုးပြီးနောက်လိုက်နာရမည့်အချက်များ | 17 |
| ကာကွယ်ဆေးနှင့်ပတ်သက်ပြီးသံသယကင်းရှင်းရေး | 18 |

# ကိုဗစ် - ၁၉ နှင့် ကျွန်ုပ်တို့၏အန္တရာယ်များ



## ကိုရိုနာဗိုင်းရပ်စ် 2019 (သို့မဟုတ်) ကိုဗစ် - ၁၉ ( COVID -19 )

၎င်းသည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ဖြစ်စေနိုင်သော ဗိုင်းရပ်စ်ဖြစ်သည်။ နှာရည်၊မျက်ရည်၊ တံတွေး (သို့မဟုတ် ) အရွယ်အစားကြီးမားသော ဖုန်မှုန်များမှတစ်ဆင့် ရောဂါကူးစက်သူနှင့်အနီးကပ် ထိတွေ့မှုများ ၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်ကဲ့သို့ အစိတ်အပိုင်းမှ စကားပြောခြင်းမှတစ်ဆင့် ခန္ဓာကိုယ် ထဲဝင်ရောက်ခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းမှ ဖြစ်ပေါ်စေသည့် အသက်ရှူ လမ်းကြောင်းမှလည်း ရောဂါကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကူးစက်နိုင်သည်။

ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ရောဂါကို လိင်အမျိုးအစားမရွေး၊ အသက်အရွယ်မရွေး အားလုံးတွင်တွေ့ရှိနိုင်သည်။ ရောဂါကူးစက်ခံရသူအများစုသည် ရောဂါလက္ခဏာများ ပြင်းထန်မှုမရှိဘဲ ရောဂါလက္ခဏာများမပြသေးမီ အချိန်မှ စတင်ကာမှ ရောဂါလက္ခဏာအခြေအနေပြင်းထန်သည် အထိ ရှုပ်ထွေးမှုများနှင့်အသက်သေဆုံးခြင်းများ ရှိခဲ့သည်။အဖြစ်များသောရောဂါလက္ခဏာများမှာ အဖျားရှိခြင်း၊ ချောင်းခြောက်များ ဆက်တိုက်ဆိုးခြင်း၊ နှာခေါင်းမှ အနံ့မရခြင်း ၊ လျှာမှ အရသာမရခြင်း၊ အဖုများထွက်ခြင်း၊ ဝမ်းလျှောခြင်းနှင့် မျက်လုံးနီခြင်း တို့ဖြစ်သည်။



# ရောဂါကူးစက်ခြင်း နှင့် နာမကျန်းဖြစ်ခြင်း

ခန္ဓာကိုယ်မှရောဂါပိုးကူးစက်ခံရသောအခါ ကျွန်ုပ်တို့ရောဂါကူးစက်မှုခံရနိုင်သည် (သို့မဟုတ်) ရောဂါကူးစက်မှုမရှိနိုင်ခြင်းသည် ရောဂါပိုးအမျိုးအစား (မျိုးစိတ်)၊ ရောဂါကူးစက်မှုပမာဏနှင့်  ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ် စသည့်အချက်များအပေါ်တွင် မူတည်သည်။ ကျွန်ုပ်တို့ရောဂါပိုးကူးစက်ခံရသည့်အခါ ရောဂါလက္ခဏာမပြခြင်း၊ ရောဂါလက္ခဏာအနည်းငယ်ပြခြင်း (သို့မဟုတ်) ပြင်းထန်စွာရောဂါလက္ခဏာများပြခြင်းများအပြင် အသက်အန္တရာယ်ဆုံးရှုံးနိုင်သည်အထိ ဖြစ်နိုင်သည်။

## ထိုကြောင့် ကိုဗစ် - ၁၉ အန္တရာယ်ကို လွယ်ကူစွာဖြင့်နားလည်နိုင်ရန် အုပ်စု ၂ စုခွဲနိုင်သည်။



### 1. ရောဂါကူးစက်နိုင်ချေရှိသောအုပ်စုများ

ရောဂါကူးစက်ခံရနိုင်ခြေများသည့်အုပ်စုများ ဥပမာ- အန္တရာယ်များသောဒေသများသို့ ခရီးသွားလာသူများ၊ ဆေးဘက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါထိန်းချုပ်ရေးအတွက် ရှေ့တန်းမှဆောင်ရွက်သောပုဂ္ဂိုလ်များ၊ လူအများနှင့်ထိတွေ့ဆက်ဆံရသော (သို့မဟုတ်) လူစည်ကားသောနေရာတွင် အလုပ်လုပ်သူများဖြစ်ကြပါသည်။




### 2. ပြင်းထန်စွာနာမကျန်းဖြစ်ခြင်းနှင့်သေဆုံးခြင်းအပေါ်အန္တရာယ်ရှိသောအုပ်စုများ

သက်ကြီးရွယ်အိုများ၊ ဆီးချိုရောဂါနှင့်သွေးတိုးရောဂါကဲ့သို့နာတာရှည်ရောဂါလူနာများနှင့်အတူ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အဝလွန်ခြင်း၊ ကင်ဆာ၊ နာတာရှည်အဆုတ်ရောဂါနှင့် အခြားသော ကိုယ်ခံအားနည်းသည့်လူနာများသည် ပြင်းထန်သောရောဂါ အခြေအနေများရှိသည်ကို တွေ့ရတတ်သည်။ ကိုဗစ် - ၁၉ ရောဂါပိုးကူးစက်ခံရပါက အခြားပုံမှန်လူများထက် ပြင်းထန်သောရောဂါလက္ခဏာများနှင့်သေဆုံးနိုင်ခြေပိုများသည်။


## ကိုဗစ်ကာကွယ်ဆေးအကြောင်းသိကောင်းစရာ

ကာကွယ်ဆေးများသည် ကိုဗစ် - ၁၉ အကြပ်အတည်းမှ ထိုင်းလူ့အဖွဲ့အစည်းကိုကယ်တင်နိုင်ရန် အရေးကြီးသော ကိရိယာတစ်ခုဖြစ်ပါသည်။ ကာကွယ်ဆေးများသည် ခန္ဓာကိုယ်မှရောဂါပိုးကို ခုခံနိုင်စွမ်းဖွံ့ဖြိုးအောင် လှုံ့ဆော်ပေးနိုင်သည့် ဇီဝတစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အတွက်သဘာဝယန္တရားများကိုကျင့်သုံးရန် အမှန်တကယ်ရောဂါကိုတိုက်ဖျက်ရာတွင် အဆင်သင့်ဖြစ်ရန်နှင့် ရင်းနှီးနေရန် ပြိုင်ဘက် (Sparring Partner )အဖြစ် လုပ်ဆောင်ခြင်းဖြစ်သည်။




### ကာကွယ်ဆေးအား

1. အားနည်းအောင်ပြုလုပ်ထားသောရောဂါပိုးများ (သို့မဟုတ်) သေဆုံးသွားသောရောဂါပိုးများ။
2. ရောဂါပိုး၏အစိတ်အပိုင်းအချို့ (သို့မဟုတ်) ရောဂါပိုး၏ အစိတ်အပိုင်းအချို့နှင့်လက္ခဏာအလားတူရှိသောပရိုတင်းဒြပ်။
3. ရောဂါပိုး၏ပရိုတင်းအချို့နှင့်မျိုးရိုးဗီဇဒြပ်တစ်ချို့။
4. ရောဂါပိုး၏ မျိုးရိုးဗီဇအားအခြားပိုင်းရပ်စ်ပိုးဆီသို့ဝင်ရောက်သွားအောင်တည်းဖြတ်ခြင်း။ စသည်တို့မှထုတ်လုပ်ထားပါသည်။ ကာကွယ်ဆေးအမျိုးအစားအားလုံးသည်ရောဂါမဖြစ်စေနိုင်ပါ။



ကိုယ်ခံစွမ်းအားစနစ်ကိုလှုံ့ဆော်ပေးသော ဇီဝဝတ္ထုများအပြင် တည်ငြိမ်မှုမြှင့်တင်ရန် (သို့မဟုတ်) ကာကွယ်ဆေး၏ထိရောက်မှုကို မြှင့်တင်ရန် ကာကွယ်ဆေးတွင် အခြားဒြပ်ပေါင်းများပါဝင်သည်။



## ကိုဗစ်ကာကွယ်ဆေးအမျိုးအစားများ

ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးသည် အမျိုးအစားများစွာရှိပါသည်။ ယခုလက်ရှိအချက်အလက်များအရ ၂၈ ရက်၊ မေလ၊ ၂၀၂၁ လူသား အဆင့် ၃ (သို့မဟုတ်) လူသား အဆင့် ၃စမ်းသပ်မှု ပြုလုပ်နေဆဲကာလ၏ထိရောက်မှုရလဒ်များ အရကာကွယ်ဆေး ၁၅ မျိုးရှိသည်။ အချို့နိုင်ငံများတွင် အရေးပေါ်အသုံးပြုနိုင်ရန် ( EAU ) အတွက်ခွင့်ပြုထားသည်။ ၎င်းတို့မှာ-

1. ထုတ်လုပ်ရာတွင်နည်းပညာအသစ်ကိုအသုံးပြုထားသောကာကွယ်ဆေးများ ဥပမာ - Astra Zeneca ကုမ္ပဏီမှကာကွယ်ဆေး၊ Pfizer-BioNTech ကုမ္ပဏီမှကာကွယ်ဆေး၊ Moderna ကုမ္ပဏီမှကာကွယ်ဆေး၊ Johnson & Johnson ကုမ္ပဏီမှကာကွယ်ဆေး၊ Gamaleya ကုမ္ပဏီမှကာကွယ်ဆေး၊ CanSinoBIO ကုမ္ပဏီမှကာကွယ်ဆေး နှင့် Shenzhen Kangtai Biological Products ကုမ္ပဏီမှကာကွယ်ဆေး တို့ဖြစ်ကြပါသည်။
2. ယခင်ကာကွယ်ဆေးများထုတ်လုပ်ရာတွင်အသုံးပြုသော မူလနည်းပညာကိုအသုံးပြု ၍ထုတ်လုပ်ထားသောကာကွယ်ဆေးများ ဥပမာ - Sinovac ကုမ္ပဏီမှကာကွယ်ဆေး ၊ Sinopharm-Beijing ကုမ္ပဏီမှကာကွယ်ဆေး ၊ Sinopharm-Wuhan ကုမ္ပဏီမှ ကာကွယ်ဆေး ၊ Bharat Biotech ကုမ္ပဏီမှကာကွယ်ဆေး ၊ Vector Institute ကျောင်း မှကာကွယ်ဆေး၊ Anhui Zhifei Longcom ကုမ္ပဏီမှကာကွယ်ဆေး ၊ Chumakov Center မှကာကွယ်ဆေး နှင့် Research Institute for Biological Safety Problems မှ ကာကွယ်ဆေး တို့ဖြစ်ကြပါသည်။

ကိုဗစ် - ၁၉ ကာကွယ်ဆေးအမျိုးအစားတိုင်းသည် " ပြင်းထန်စွာနာမကျန်းဖြစ်ခြင်းနှင့်သေဆုံးခြင်း " ကိုထိရောက်စွာ လျော့ချစေနိုင်သော အာနိသင်ရှိကြောင်းအသိအမှတ်ပြုနိုင်သည်။ ကိုဗစ် - ၁၉ ကူးစက်ခြင်းမှ ဖြစ်ပွားလာသည့် ပြင်းထန်စွာ နာမကျန်းဖြစ်ခြင်းကို လည်း ကာကွယ်နိုင်သေးသည်။ သို့သော် ယခုလေ့လာချက်အမျိုးမျိုးအရ ကာကွယ်ဆေးထိုးပြီးသော သူများသည်လည်း ရောဂါကူးစက်ခံရနိုင်ဖွယ် ရှိသေးသည်။

ကာကွယ်ဆေးအပြည့်အဝထိုးပြီးနောက် ရောဂါကူးစက်ခံရကြောင်းသတင်းများကို ဥပမာ - စင်္ကာပူနိုင်ငံ (သို့မဟုတ်) ထိုင်းနိုင်ငံအတွင်း၌ပင် တွေ့ရသော်လည်း အသေးစိတ်ခွဲခြမ်းစိတ်ဖြာခြင်း၏ရလဒ်များအရ ကူးစက်ခံရသူများတွင် ပြင်းထန်သော ရောဂါလက္ခဏာ လုံးဝမတွေ့ရှိရကြောင်းတွေ့ရသည်။ လူတိုင်းတွင် ရောဂါလက္ခဏာမပြခြင်း (သို့မဟုတ်) ပျော့ပျောင်းသော (အားနည်းသော) ကူးစက်မှုများရှိသည်။

ကာကွယ်ဆေး ၏အကျိုးသက်ရောက်မှုကိုပိုမိုကျယ်ပြန့်စွာကြည့်လျှင် ကမ္ဘာပေါ်ရှိလူသန်းပေါင်းများစွာကိုကာကွယ်ဆေး ထိုးပြီးနောက် အစ္စရေး၊ အင်္ဂလန် (သို့မဟုတ်) အမေရိကန်ပြည်ထောင်စုစသည့်နိုင်ငံများတွင် ရောဂါကူးစက်ပျံ့ပွားမှုကို ထိန်းချုပ်နိုင်ပြီး လူနာအရေအတွက် တည်ငြိမ်မှုရှိပြီး လျော့နည်းလာနိုင်ချေရှိကြောင်းတွေ့ရသည်။ နိုင်ငံပေါင်းများစွာကို ၎င်းတို့၏ အသက်ရှင်နေထိုင်မှု ၊ စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများ စတင်လာခြင်းနှင့် လူမှုပတ်ဝန်းကျင်ကို စိတ်သက်တောင့် သက်သာရှိစေ နိုင်သည်။ ထိုင်းနိုင်ငံတွင်လည်း အလားတူ ပင်ဖြစ်သည်။ ဥပမာ - ဖူးခက်ခရိုင်တွင် ကာကွယ်ဆေးများသည် ရောဂါကို ထိန်းချုပ်ပေးနိုင်သောအာနိသင်ရှိသည့်ရလဒ်ကို တွေ့ရသည်။ ကာကွယ်ဆေးများသည် " ရောဂါကူးစက်ခြင်းနှင့် ရောဂါပျံ့နှံ့ခြင်းအခွင့်အလမ်း" ကို ကူညီလျော့ချပေးနိုင်သော အရေးကြီးသည့် အထောက်အကူပြုကိရိယာတစ်ခု ဖြစ်လိမ့်မည် ဟူသောမျှော်လင့်ချက်ကိုပေးပြီး ကျွန်ုပ်တို့လူ့ဘောင်ကို အကျပ်အတည်းမှ လွတ်မြောက် စေလိမ့်မည်ဖြစ်သည်။


ကာကွယ်ဆေးတစ်မျိုးချင်းစီ၏ မတူညီသောအာနိသင်များအပြင် ကာကွယ်ဆေးတစ်မျိုးချင်းစီ၏ စီမံခန့်ခွဲမှုများသည်လည်း ကွဲပြားသည်။ ဥပမာ - သိုလှောင်သိမ်းဆည်းရမည့်အပူချိန်၊ ထိုးသွင်းရမည့်ကာကွယ်ဆေးအရေအတွက် အများအားဖြင့်ဆေး ၂ လုံးထိုးရသည်(သို့မဟုတ်) ဆေးတစ်လုံးချင်းစီကြားအချိန်ပမာဏ တို့ဖြစ်ကြပါသည်။ သို့သော် ယခုလက်ရှိသတင်းများအရ ပထမကာကွယ်ဆေးနှင့် ဒုတိယကာကွယ်ဆေးသည် တူညီသောကာကွယ်ဆေးအမျိုးအစားသာအသုံးပြုရမည်။ မည်သို့ပင် ဆိုစေကာမူ ကမ္ဘာတစ်ဝှမ်းလုံးတွင် ကာကွယ်ဆေးအမျိုးအစားများအကြား ပြောင်းလဲမှုများရှိသည်။ Pfizer-BioNTech ကာကွယ်ဆေး နှင့် AstraZeneca ကာကွယ်ဆေးကို အစဉ်မပြတ်လေ့လာမှုများရှိကြောင်းအသိပေးမှုများစတင်ခဲ့သည်။

## ကာကွယ်ဆေးအလုပ်လုပ်ပုံ

ခန္ဓာကိုယ်၏သဘာဝယန္တရားများသည် ရောဂါပိုးနှင့်ထိတွေ့သောအခါ ၎င်းရောဂါပိုးတို့ကိုတိုက်ခံရန် ခုခံနိုင်စွမ်းကို ဖန်တီးပေးပြီး ကိုယ်ခံအား စနစ်သည် ၎င်းရောဂါပိုးကိုအသိအမှတ်ပြုလိမ့်မည်ဖြစ်သည်။ထို့ကြောင့် အနာဂတ်တွင် ခန္ဓာကိုယ်မှ ကိုဗစ်ရောဂါ တစ်ဖန်ထပ်မံ၍ ကူးစက်ခံရသည့်အခါ ၎င်းရောဂါပိုးကို အသိအမှတ်ပြုပြီးသော ခန္ဓာကိုယ်သည် အချိန်တိုအတွင်း လျှင်မြန်စွာ ရောဂါပိုးကိုတိုက်ထုတ်ရန် ကိုယ်ခံအားကို တည်ဆောက်ပေးလိမ့်မည်။ ကိုဗစ် - ၁၉ ကာကွယ်ဆေးသည် ၎င်းကိုဗစ် - ၁၉ ရောဂါပိုး ကူးစက်ခံရသည့်အခါ ခန္ဓာကိုယ်၏ဖြစ်စဉ်များကို တုပရန် အဆင့်မြှင့်ထားခြင်း ဖြစ်သည်။ ၎င်းကိုဗစ် - ၁၉ ဗိုင်းရပ်စ်ကို အသုံးပြုထားခြင်း (သို့မဟုတ်) ဗိုင်းရပ်စ်၏ တစ်စိတ်တစ်ပိုင်းကိုအသုံးပြုခြင်း (သို့မဟုတ်) ၎င်းဒြပ်ကိုအသုံးပြုထားခြင်းသည် ကာကွယ်ဆေးထိုးခံရသူအား ရောဂါမဖြစ်စေနိုင်ပါ။ ကာကွယ်ဆေးသည် အမှန်တကယ် ရောဂါကူးစက်မှုနှင့်အတူ မခြားနားစွာခုခံအားကို မြှင့်တင်ပေးနိုင်သည့် ဂုဏ်သတ္တိရှိစေရန် ဒီဇိုင်း ပြုလုပ်ထားသည်။


### ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး၏ အလုပ်လုပ်ပုံ

1.





ကာကွယ်ဆေးရရှိပြီးနောက်ပိုင်း ကိုယ်ခံစွမ်းအားစနစ် စတင် အလုပ်လုပ်ပါလိမ့်မည်။

2.




သွေးဖြူဥများသည် ကျူးကျော် ဝင်ရောက်လာသောရောဂါပိုးများကို ဖမ်းယူကာ အသိအမှတ်ပြုလိမ့်မည်။

3.




သွေးဖြူဥများသည် ရောဂါပိုးကိုတိုက်ဖျက်ရန် ခုခံအား ( ပဋိဇီဝပစ္စည်း ) ကိုထုတ်လုပ်သည်။

4.



နောက်ပိုင်းတွင် သင်သည် ရောဂါကူးစက်ခံရသည့်အခါ ယခင်ငင်းရောဂါပိုးကိုအသိအမှတ်ပြုထားသော ကိုယ်ခံအားစနစ်သည် သင် မဖျားနာခင် ၎င်းကို တိုက်ဖျက်ရန် နည်းလမ်းကိုလျင်မြန်စွာရှာဖွေနိုင်လိမ့်မည် ဖြစ်သည်။


ကိုဗစ် - ၁၉ ကာကွယ်ဆေးအများစုသည်  သင့်တင့်သောကိုယ်ခံအားစနစ်ကို လှုံ့ဆော်ပေးပြီး ကြာရှည်ခံရန်အတွက် ၂ ကြိမ် ထိုးရမည်ဖြစ်သည်။ ဆေးထိုးသည့်အခါ အချိန် ၂ ပတ်မှ ၃ လအထိ အချိန်ခြားကာ ထိုးရမည်ဖြစ်သည်။ အထက်ဖော်ပြပါ အကြောင်းအရာကြောင့် ကာကွယ်ဆေး ၂ ကြိမ်အပြည့်ထိုးရန် သင့်လျော်သော အချိန်အပိုင်းအခြားတစ်ခု လိုအပ်ပါသည်။ သို့မှသာ ခန္ဓာကိုယ်တွင်ရောဂါကာကွယ်ရန် လုံလောက်သော ကိုယ်ခံအားရှိမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးခြင်းသည်  ကာကွယ်ဆေးထိုးသူအား ရောဂါကာကွယ်ရန်တိုက်ရိုက်အကျိုးပြုသော်လည်း သင့်၏ နီးစပ်သူများကို ပြင်းထန်စွာ နာမကျန်းဖြစ်စေနိုင်သောအန္တရာယ်အား ကာကွယ်တားဆီးရန်ကိုလည်းကူညီပေးနိုင်သေးသည်။ ဥပမာ - သက်ကြီးရွယ်အို (သို့မဟုတ်) ရောဂါအခံရှိသူများ ယေဘူယျအားဖြင့် ကိုဗစ် - ၁၉ ကာကွယ်ဆေးသည် ကိုဗစ် - ၁၉ ပြဿနာကို စီမံခန့်ခွဲရာတွင် အရေးကြီးသောကိရိယာတစ်ခုဖြစ်သည်။ပြင်းထန်စွာနာမကျန်းဖြစ်ခြင်း ၊ သေဆုံးခြင်းကို လျော့နည်းစေခြင်း နှင့် စီးပွားရေးအပေါ် သက်ရောက်မှုကိုကူညီလျော့ချပေးသည်။ နိုင်ငံများစွာ၌ လူအများအပြားကို ကာကွယ်ဆေးထိုးထားသည့် အချက်အလက်အများအပြားကို အခြေခံကာ  ကာကွယ်ဆေးသည် နိုင်ငံ၏လူမှုရေးနှင့် စီးပွားရေးစနစ်ကို ဆက်လက်တည်ရှိစေနိုင်မည့် မျှော်လင့်ချက်ဖြစ်ကြောင်းကို မြင်သာအောင် စတင်ပြသခဲ့သည်။

## အမျိုးအစားမညီသောကာကွယ်ဆေးများသည် အာနိသင်နှင့် အန္တရာယ်ကင်းမှုအတွက် ကွာခြားမှုရှိပါသလား။

ယခုအခါ ထိုင်းနိုင်ငံအစားအသောက်နှင့်ဆေးဝါးစီမံခန့်ခွဲမှု အသိအမှတ်ပြုထားသောကာကွယ်ဆေး ၅မျိုး ၂၈ ရက်၊ မေလ၊ ၂၀၂၁ ခုနှစ် မှာ AstraZeneca ကုမ္ပဏီမှကာကွယ်ဆေး၊ Sinovac ကုမ္ပဏီမှကာကွယ်ဆေး၊ Johnson & Johnson ကုမ္ပဏီမှ ကာကွယ်ဆေး ၊ Moderna ကုမ္ပဏီမှကာကွယ်ဆေးနှင့် Sinopharm ကုမ္ပဏီမှကာကွယ်ဆေး တို့ဖြစ်ကြပါသည်။ ၎င်း ကာကွယ်ဆေး ၅ မျိုးစလုံးသည် ထိရောက်မှုရှိပြီး အရေးပေါ်အသုံးပြုမှုစာရင်း (Emergency Use Listing ) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ Target Product Profile ၏ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိပြီး ပြင်းထန်သောရောဂါလက္ခဏာ ရှိသောကူးစက်မှုကို ၈၀% မှ ၁၀၀% အထိ ကာကွယ်ပေးနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ကာကွယ်ဆေး၏စမ်းသပ်မှုများသည် ကောင်းမွန်သောထိန်းချုပ်မှု အခြေအနေအောက်တွင်ပြုလုပ်ထားသောကြောင့် ကာကွယ်ဆေးစမ်းသပ်မှုများ၏ထိရောက်မှုသည် အမှန်တကယ်သာလွန်သည်။ ကောင်းမွန်သော ထိန်းချုပ်မှုအောက်တွင် စမ်းသပ်ထားသည့် ကာကွယ်ဆေးဖြစ်သောကြောင့် အမှန်တကယ် ကာကွယ်ဆေးအခြေအနေနှင့်မတူညီပါ။ ကာကွယ်ဆေးထိုးခြင်း၊ နည်းလမ်း မှန်ကန်စွာဆေးထိုးခြင်းမှစ၍ လူတစ်ဦးတစ်ယောက်ချင်းစီ၏ မတူညီသော ကိုယ်ခံအားတုံ့ပြန်မှုအထိစသော အချက်များစွာအပေါ် မူတည်ပါသည်။

ကာကွယ်ဆေးတစ်မျိုးချင်းစီတွင် ကွဲပြားသော သုတေသနရလဒ်များရှိသည်။ ၎င်းကွဲပြားမှုများသည် ကာကွယ်ဆေး အမျိုးအစား ကွဲပြားမှုအပြင် ကုမ္ပဏီတစ်ခုချင်းစီ၏ကွဲပြားခြားနားစွာဒီဇိုင်းထုတ်လုပ်ထားသော သုတေသနနည်းလမ်းစနစ် များ၏ရလဒ်လည်းဖြစ်သည်။ ဥပမာ အားဖြင့် ကိုဗစ် - ၁၉ ရောဂါကြောင့် နာမကျန်းဖြစ်ခြင်းကို ကာကွယ်ပေးသော ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုကို မတူညီသောရောဂါ ပြင်းထန်မှုအဆင့်ဆင့်တွင် မတူညီသောနမူနာအုပ်စုများ၊ အသက်အုပ်စုများသတ်မှတ်ခြင်း (သို့မဟုတ်) ဒေသအများအပြားရှိ ဗီဇပြောင်းလဲ မှုများ၏ဖြစ်ပျက်မှုများအပါအဝင် ရောဂါဖြစ်ပွားပုံ၊ မတူညီသောဒေသများတွင် ကာကွယ်ဆေး စမ်းသပ်ခြင်းတို့ဖြင့် တိုင်းတာနိုင်သည်။ ထိုကြောင့် ကာကွယ်ဆေး အားအသုံးပြုမှုကို သုံးသပ်ဆင်ခြင်ရန်အတွက် ရှင်းလင်းဖော်ပြခြင်းသည် စွမ်းဆောင်ရည်ကိန်းဂဏန်းများ ကိုသာ စဉ်းစားရန် မဖြစ်နိုင်ဘဲ သုတေသနနည်းလမ်းနှင့်အခြေအနေကို ခွဲခြမ်းစိတ်ဖြာရန် လိုအပ်ပါသည်။





“• ၂၈ ရက်နေ့၊ မေလ၊ ၂၀၂၁ ခုနှစ် အချက်အလက်များအရ ယခုအချိန်အထိ ကမ္ဘာတစ်ဝှမ်းလုံးတွင် ကာကွယ်ဆေး အလုံးရေ ၁.၈ သန်း ထက် မနည်း အသုံးပြုပြီးပြီဖြစ်သည်။”

ကာကွယ်ဆေးအသုံးပြုရန်စဉ်းစားရာတွင် ကာကွယ်ဆေး၏ ထိရောက်မှုအပြင် ဘေးအန္တရာယ်ကင်းရှင်းရေးသည်လည်း အရေးကြီးသောအချက် ဖြစ်ပါသည်။ ကိုဗစ် - ၁၉ ကာကွယ်ဆေးသည် ပျမ်းမျှအားဖြင့် ၁၀ နှစ်ကြာသောအခြား ကာကွယ်ဆေးများထက် ပိုမိုလျှင်မြန်စွာ တီထွင်နိုင်ခဲ့သော်လည်း ဘေးအန္တရာယ်ကင်းရေးနည်းလမ်းကို စောင့်ကြည့်ရန်မှာ ချွင်းချက်မဟုတ်ပေ။ ထို့အပြင် ယခုအချိန် ( ၂၈ ရက်၊ မေလ၊ ၂၀၂၁ ခုနှစ် ) အထိ ကမ္ဘာတစ်ဝှမ်းလုံးတွင်ကာကွယ်ဆေး အလုံးရေ ၁.၈ သန်းကျော်ကို အသုံးပြုခဲ့ပြီးဖြစ်သည်။ ကာကွယ်ဆေး ကြောင့် တိုက်ရိုက်ဖြစ်ပွားသော ပြင်းထန်သော နာမကျန်းဖြစ်မှုအကြောင်းကို သတင်းပေးပို့မှုမှာ အနည်းငယ်သာရှိပါသည်။ တွေ့ရှိရသော ပြင်းထန်သည့် နာမကျန်းဖြစ်မှုမှာ ရှားပါးသောသွေးခဲခြင်းနှင့် Anaphylaxis ဓာတ်မတည့်သောလက္ခဏာ တို့ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီလမှ ယခုအချိန်အထိ အသုံးပြုသော ကာကွယ်ဆေးနှစ်မျိုးလုံးသည် ကောင်းမွန်စွာ ဘေးကင်း လုံခြုံစေသည့် ဒေတာအချက်အလက်များရှိသည်။ ကာကွယ်ဆေးထိုးပြီးသည့်နောက်ပိုင်း ဘေးထွက်ဆိုးကျိုးများမှာ ဒေသအလိုက်ဖြစ်ပြီး အများစုမှာ အလိုအလျောက်ပျောက်ကင်းသွားကြသည်။ ပုံသေမရှိပါ။ ယခုအချိန်ထိ ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများဖြစ်ပွားမှုအခြေအနေသည် ကမ္ဘာတစ်ဝှမ်းရှိ ကာကွယ်ဆေးထိုးထားသည့်တိုင်းပြည်များထက် များပြားကြောင်းသတင်းပေးပို့မှုမရှိသေးပါ။

ကိုဗစ် - ၁၉ ကာကွယ်ဆေးအားလျင်မြန်စွာထုတ်လုပ်ခဲ့သော်လည်း လူသားအရင်းအမြစ်ဆိုင်ရာသုတေသန၏ ကျင့်ဝတ်ဆိုင်ရာ အခြေခံမှုကို လိုက်နာစောင့်ထိန်းသေးသည်။ ကာကွယ်ဆေးထုတ်လုပ်သူအများစုသည် အချို့သောလူအုပ်စုများတွင် အစောပိုင်းကာလ၌ လုံလောက်သော သုတေသနများပြုနိုင်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်ဝန်ဆောင် နို့တိုက်မိခင်များ၊ ကလေးသူငယ်များနှင့် သက်ကြီး ရွယ်အိုစသည့်အုပ်စုများသည် ထိခိုက်လွယ်သောအုပ်စုများဖြစ်သောကြောင့် ဖြစ်သည်။ သို့သော် ယခုအခါကာကွယ်ဆေးကို လူအများအပြား အသုံးပြုပြီးနောက်တွင် ဘေးကင်းကြောင်းတွေ့ရပါသည်။ ထိုကြောင့် အခြားသော လူအုပ်စုများကို တိုးချဲ့စမ်းသပ်လေ့လာခဲ့သည်။ ဥပမာ - ကလေးသူငယ်များ ယခုအခါ Pfizer-BioNTech မှကာကွယ်ဆေးများနှင့် Moderna ကာကွယ်ဆေးများကို အသက် ၁၂ နှစ်နှင့် အထက် ကလေးများတွင်အသုံးပြုလျက်ရှိပြီး အသက် ၆လမှ ၁၁ နှစ်အထိ ကလေးများ၏ ကာကွယ်ဆေးအသုံးပြုမှုကို လေ့လာလျက်ရှိပြီး စစ်ဆေးမှု ရလဒ်များကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်လိမ့်မည်။ ထို့အပြင် သောင်းပေါင်းများစွာသော ကိုယ်ဝန်ဆောင်အမျိုးသမီး များအတွက် ကာကွယ်ဆေး၏ ဘေးကင်းမှုကိုလည်း လေ့လာစမ်းသပ်ခဲ့ပြီး ကာကွယ်ဆေးသည် ဘေးအန္တရာယ်ကင်းကြောင်း တွေ့ရ ပြီး ၎င်း အား ကိုဗစ် - ၁၉ ကူးစက်နိုင်သော အန္တရာယ်ရှိသည့် အမျိုးသမီးကိုယ်ဝန်ဆောင်များအပါအဝင် နို့တိုက်မိခင် များတွင်လည်း အသုံးပြုနိုင်ကြောင်း လမ်းညွှန်ချက် ပေးထားပါသည်။

# ကာကွယ်ဆေးထိုးပြီးနောက် ရောဂါကူးစက်နိုင်မှုနှင့် ရောဂါပျံ့နှံ့နိုင်သည့်အခွင့်အလမ်းရှိနိုင်သေးသည်။

ရောဂါထိန်းချုပ်မှု၏အခြေခံမူအရ အကောင်းဆုံးကာကွယ်ဆေးဆိုသည်မှာ ကာကွယ်ဆေးထိုးထားသည့်သူထံမှ ရောဂါအား အခြားသူဆီသို့ (သို့မဟုတ်) ပြန့်ပွားမှုအခြေအနေအားလျော့ချပေးခြင်းနှင့် ဆေးထိုးခဲ့သည့်ကိုဗစ်လူနာသေဆုံးမှု လျော့ချပေးခြင်း၊ နာကျင်ကိုက်ခဲမှု လျော့ချပေးခြင်း၊ရောဂါကူးစက်မှုလျော့ချပေးခြင်းမှစ၍ ရောဂါကူးစက်မှုမှကျန်းမာရေးဆိုင်ရာ ဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်သည့် ကာကွယ်ဆေးဖြစ်ပါသည်။ ယခုဆိုလျှင်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏အာနိသင်ကို သုတသန လေ့လာချက်အဆင့် ၃ အရ ကာကွယ်ဆေးသည် နာကျင်ကိုက်ခဲခြင်းနှင့် သေဆုံးမှုကိုလျော့ချပေးနိုင်သည့် ကာကွယ်ဆေးကောင်းဖြစ်သည်ဟု ဖော်ပြထားပါသည်။

မည်သို့ပင်ဆိုစေကာမူ ရောဂါပိုးကူးစက်ခြင်းနှင့်ရောဂါပြန့်ပွားမှု လျော့ချပေးသည့် ကာကွယ်ဆေးစတင် လေ့လာမှု ရလဒ်များ ရှိလာပါ သည်။ အထူးသဖြင့်နိုင်ငံများစွာတွင် ကာကွယ်ဆေးအသုံးပြုခြင်း ဖြစ်ရပ်မှန်အခြေအနေ (Real world-experience) ကို စောင့်ကြည့်ပါသည်။ ဥပမာ - အင်္ဂလန်၊ အမေရိကား၊ အစ္စရေး စသည့်နိုင်ငံများတွင် ရောဂါပိုးကူးစက်သည့် လူဦးရေလျော့ချခြင်း၊ ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ခြင်း (အခြားကဏ္ဍအပါအဝင်) သည် အရေးကြီးသောအခန်းကဏ္ဍရှိသည့် ကာကွယ်ဆေးဖြစ်ကြောင်းတွေ့ရသည်။ ထို့အပြင် ကာကွယ်ဆေးသည် ကိုယ်ခန္ဓာရှိ ဗိုင်းရပ်(စ်)အရေအတွက်လျော့ချပေးပြီး ရောဂါပြန့်ပွားမှုကို လျော့ချပေးနိုင်ကြောင်းဖော်ပြသည့် လေ့လာချက်များစွာ ရှိပါသေးသည်။ ထိုင်းနိုင်ငံရှိ ဖူးခက်ခရိုင်တွင် Sinovac ကာကွယ်ဆေးထိုးခဲ့ခြင်းမှ အောက်ပါသုသေတနအချက်အလက်များတွေ့ရှိရပါသည်။ ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့ဖူးသည့်သူတွင် ရောဂါပိုးကူးစက်မှုအခြေအနေလျော့နည်းကြောင်းရလဒ်ရှိသည့် ကာကွယ်ဆေးဖြစ်ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ ပြီးပြည့်စုံသောလေ့လာချက်ကို ဆက်လက်ဖော်ပြသွားပါမည်။ အချုပ်အားဖြင့် ကာကွယ်ဆေးအာနိသင် လေ့လာချက်နှင့် ကမ္ဘာအနှံ့အပြားတွင်ကာကွယ်ဆေးအမှန်တကယ်အသုံးပြုခြင်းသည် ရောဂါ ထိန်းချုပ်နိုင်ခြင်းနှင့် နာကျင်မှုကို လျော့ကျအောင် ကာကွယ်ပေးနိုင်သည့် အရေးပါသော လက်နက်တစ်ခုဖြစ်ကြောင်းတွေ့ရသည်။ ထို့ကြောင့် အထူးသဖြင့် ပြည်သူများအား လုံလောက်စွာ ထိန်းချုပ်ကာကွယ်ဆေးထိုးပေးနိုင်ပါက ကာကွယ်ဆေးသည် ရောဂါပြန့်ပွားမှုကို အတိုင်းအတာအထိ လျော့ချပေးနိုင်သည်။



## ကိုဗစ်ကာကွယ်ဆေးနှင့်ဗီဇပြောင်းရောဂါပိုး

ကိုဗစ်ပိုး၏ဗီဇပြောင်းရောဂါပိုးသည် ဗိုင်းရပ်(စ်) ပိုးမှခွဲထွက် ဖြစ်ပေါ်လာသည့်သဘာဝဖြစ်စဉ်ဖြစ်ပါသည်။ ထိုမျိုးရိုးဗီဇပြောင်းခြင်းသည် လူသားများအပေါ် အကျိုးသက်ရောက်မှုရှိနိုင် (သို့မဟုတ်) မရှိနိုင်ပါ။ ရောဂါပြင်းထန်မှု၊ ရောဂါကူးစက်မှုနှုန်းအပေါ် အကျိုးသက်ရောက်မှု ရှိစေသည့် ဗီဇအခြေအနေ၊ ဆေးဝါး (သို့မဟုတ်) အာနိသင်နည်းပါးသည့်ကာကွယ်ဆေးကြောင့် ထိခိုက်မှုဖြစ်လာသည့် မျိုးရိုးဗီဇမှလွဲ၍ လူသားများအပေါ် ထိခိုက်မှုအကျိုးရလဒ်ရှိနိုင် (သို့မဟုတ်) မရှိနိုင်ပါ။

နိုင်ငံခြားနှင့် ထိုင်းနိုင်ငံတွင်ဗီဇပြောင်းပိုးကို အဆက်မပြတ်စောင့်ကြည့်နေသည့်စနစ် ရှိသည်။ ယခုအခါ ဗီဇပြောင်းရောဂါမျိုးစိတ် များစွာကိုတွေ့ရပါသည်။  သို့သော် အရေးကြီးသည့် အမျိုးအစား ၄ မျိုး ရှိပါသည်။ ဤသည်မှာ B.1.1.7 (သို့မဟုတ်) အယ်ဖာမျိုးစိတ် (အင်္ဂလန်တွင် ပထမ ဦးဆုံးတွေ့ရ)၊ P.1 (သို့မဟုတ်) ကယ်(မ်)မာမျိုးစိတ် ဘရာဇီးတွင် ပထမဦးဆုံးတွေ့ရ၊ B. 1.351 (သို့မဟုတ်) ဘီတာ မျိုးစိတ် (တောင်အာဖရိကတိုက်တွင်ပထမဦးဆုံးတွေ့ရ) နှင့် B. 1. 617.2 (သို့မဟုတ်) ဒေ(န်)တာမျိုးစိတ် (အိန္ဒိယတွင် ပထမဦးဆုံးတွေ့ရ) တို့ဖြစ်သည်။ ထိုင်းနိုင်ငံတွင်ထိုဗီဇပြောင်းပိုး ၄ မျိုးကို သတင်းပို့ထားပြီး နီးကပ်စွာ သတိထားစောင့်ကြည့်နေပါသည်။ B.1.1.7 ပိုးတွေ့ရစဉ် အချိန်တွင် ၎င်းမျိုးစိတ်မှာနေရာများစွာကိုပြန့်ပွားနိုင်သည့်မျိုးစိတ်ဖြစ်ပြီး တစ်ခြားမျိုးစိတ်များမှာ အကန့်အသတ် လိုက်သာတွေ့ရပြီး ဆက်လက်စောင့်ကြည့်နေပါသည်။ (၂၈ရက်နေ့၊ မေလ ၊ ၂၀၂၁ခုနှစ် သတင်းအချက်အလက်အရ)

ဗီဇပြောင်းရောဂါမျိုးစိတ်(၄) မျိုးလုံးသည် မူလမျိုးစိတ်ထက်ပိုမိုပြန့်ပွားနိုင်ပါသည်။ သက်သေအထောက်အထားများအရ ဗီဇပြောင်းရောဂါမျိုးစိတ် B.1.1.7 (သို့မဟုတ်) အယ်ဖာမျိုးစိတ် ( အင်္ဂလန်တွင် ပထမဦးဆုံးတွေ့ရ)၊ P.1 (သို့မဟုတ်) ကယ်(မ်)မာမျိုးစိတ် (ဘရာဇီးတွင် ပထမဦးဆုံးတွေ့ရ) ၊ B.1.351 (သို့မဟုတ်) ဘီတာမျိုးစိတ် (တောင်အာဖရိကတိုက်တွင် ပထမဦးဆုံးတွေ့ရ) တို့သည် ရောဂါပြင်းထန်မှု နည်းပါးစေနိုင်သည်။ အိန္ဒိယတွင် ပထမဦးဆုံးတွေ့ရသည့် B. 1. 617.2 (သို့မဟုတ်) ဒေ(န်)တာမျိုးစိတ်အတွက် အချက်အလက်များ ထပ်မံ ဖြည့်စွက်ရမည်)

ကာကွယ်ဆေးထိရောက်မှုအပေါ် ဗီဇပြောင်းရောဂါမျိုးစိတ်၏အကျိုးသက်ရောက်မှုအတွက် (အင်္ဂလန်တွင်ပထမဦးဆုံးတွေ့ရပြီး ယခုအချိန်တွင် ထိုင်းနိုင်ငံ၌ ပြန့်ပွားနေသည့် မျိုးစိတ်ဖြစ်သော B.1.1.7 (သို့မဟုတ်) အယ်ဖာမျိုးစိတ်တွင် ကာကွယ်ဆေးအများအစုကို ကောင်းမွန်စွာအသုံးပြုနိုင်သည်။ (ဘရာဇီးတွင် ပထမဦးဆုံးတွေ့ရသော) P.1 (သို့မဟုတ်) ကယ်(မ်)မာမျိုးစိတ်သည် အထက်ပါအချက် အလက်များအရ Pfizer- BioNtech ၊ Moderna ကာကွယ်ဆေးသည် ဤမျိုးစိတ်ကို လျော့ချပေးသည့် အရည်အသွေးရှိပါသည်။ သို့သော် ရောဂါပြင်းထန်မှုကိုမကာကွယ်နိုင်ပါ။ (တောင်အာဖရိကတိုက်တွင် ပထမဦးဆုံးတွေ့ရသော) B. 1.351 (သို့မဟုတ်) ဘီတာမျိုးစိတ်သည် ထိုင်းနိုင်ငံတောင်ဘက်ပိုင်းတွင် တွေ့ရပြီး စတင်စစ်ဆေးနေပါသည်။ အမျိုးမျိုးသော ကာကွယ်ဆေး၏ အာနိသင်အပေါ်တွင် အကျိုး သက်ရောက်မှုရှိကြောင်း တွေ့ရသည်။ သို့သော် ကာကွယ်ဆေးအများစုသည် ဤမျိုးစိတ်များအပေါ်တွင် အကျိုးသက်ရောက်မှုရှိပါသေး သည်။ (ဥပမာ - Pfizer-BioNtech ၊ Moderna၊ Novavax ၊Johnson နှင့်Johnson ကာကွယ်ဆေး) မည်သို့ပင်ဆိုစေကာမူ AstraZeneca ကာကွယ်ဆေးသည် ဤမျိုးစိတ်အပေါ် များစွာလျော့ကျမှုစွမ်း ရှိပါသည်။ Sinovac ကာကွယ်ဆေးသည် ယခုအခါတွင် ပိုးမျိုးစိတ်အပေါ် ကာကွယ်ဆေးအာနိသင်ရှိကြောင်း သတင်းအချက်အလက်မရှိသေးပါ။

ပြည်သူပြည်သားများနှင့်သင့်တင့်မျှတစွာအသုံးပြုနိုင်ရန်အတွက်အမျိုးမျိုးသောနည်းပညာဆိုင်ရာကာကွယ်ဆေးများကို ရှာဖွေပေးခြင်းဖြင့် မူလရှိနေသောဆေးထက်ပိုမိုဖြည့်ဆည်းပေးနိုင်ရန်ထိုင်းအစိုးရတွင် တိကျသောမူဝါဒရှိပါသည်။ မျိုးရိုးဗီဇပြောင်းပိုးအသစ်များအပေါ် ထိရောက်မှုရှိစေသည့် ကာကွယ်ဆေးများလည်းရှာဖွေပေးပါသည်။ ပြည်သူပြည်သားများအတွက် ယခုအချိန်သည် ကာကွယ်ဆေး အလျင်အမြန်ထိုးနိုင်ရန် စဉ်းစားသင့်သည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ပညာရှင်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့များမှ ကာကွယ်ဆေး အလျင်အမြန်ထိုးခြင်းသည် ပြင်းထန်စွာနာကျင်မှုကို ကာကွယ်ပေးနိုင်ကြောင်း ယုံကြည်ကာလမ်းညွှန်ထားပါသည်။ ရောဂါပိုးရှိနေ သော်လည်း မည်သည့်ကာကွယ်ဆေးကို မဆိုထိုးထားခြင်းသည် အကျိုးရှိကြောင်း လက်ခံပါသည်။

# ကာကွယ်ဆေး၏ထိရောက်မှု၊ အာနိသင်နှင့် ဘေးကင်းလုံခြုံမှုထောက်ခံချက်

> ကိုဗစ် - ၁၉ ကာကွယ်ဆေးကို လက်တွေ့ စမ်းသပ်ခန်းစမ်းသပ်ခြင်းမှစ၍ တိရိစ္ဆာန်နှင့် စမ်းသပ်ခြင်း၊ လူသားများနှင့်စမ်းသပ်ခြင်း အထိ တိုင်အောင် အဆင့် ၃ ဆင့်ဖြင့် စနစ်တကျစမ်းသပ်မှု ပြုလုပ်ခဲ့ပါသည်။

အမျိုးမျိုးအသုံးပြုရန်ခွင့်ပြုထားသည့် ကိုဗစ် - ၁၉ ကာကွယ်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ၏ သတ်မှတ်ထားသည့် ထုတ်လုပ်မှုစံနှုန်းနှင့်ကိုက်ညီပြီး ထိုင်းနိုင်ငံတွင်အသုံးပြုမည့် ကာကွယ်ဆေးသည် အစားအသောက်နှင့် ဆေးဝါးစီမံခန့်ခွဲရေးဌာနမှ ထောက်ခံချက် ရရှိပြီး လက်တွေ့စမ်းသပ်ခန်းမှစတင်ကာ တိရိစ္ဆာန်နှင့် စမ်းသပ်ခြင်း၊ လူသားနှင့်စမ်းသပ်ခြင်း အထိ အဆင့် ၃ ဆင့်တိုင်အောင် စနစ်တကျ စမ်းသပ်မှုပြုလုပ်ထားပါသည်။

ကိုယ်ခံစွမ်းအားစနစ်လှုံ့ဆော်ပေးကြောင်းသေချာစေရန်၊ အရည်အသွေးပြည့်မီသောကာကွယ်ဆေးထိုးပေးရန် သင့်တော်သော အချိန်ဇယား ညှိပေးခြင်းနှင့် ဘေးကင်းလုံခြုံမှုများရှိကြောင်း သေချာစေရန်အတွက် အစားအသောက်နှင့်ဆေးဝါးစီမံခန့်ခွဲရေးဌာနမှ သုတေသန ရလဒ်များကို အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများအရ တင်းကြပ်စွာထည့်သွင်းစဉ်းစားလိမ့်မည်။ နိုင်ငံတွင်းသုံးစွဲရန် ခွင့်ပြုသည့် မှတ်ပုံတင် လုပ်ရန် မစဉ်းစားမီ ထုတ်လုပ်မှုပုံစံကို ထောက်ခံရန်အတွက် ကာကွယ်ဆေး၏အာနိသင်ကို စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထုတ်လုပ်သည့် နေရာ၊ ထုတ်လုပ်မှု ဖြစ်စဉ်များကို ထည့်သွင်းစဉ်းစားရန် နယ်ပယ်အသီးသီးမှ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ကျွမ်းကျင်သော ပြင်ပမှ ပညာရှင်များဖြင့် ဆွေးနွေးခဲ့သည်။ နိုင်ငံအတွင်း အသုံးပြုရမည့် အချိန်ရောက်လာလျှင် ကျန်းမာရေးဝန်ကြီးဌာနမှ မှန်ကန်သော ကာကွယ်ဆေး ပို့ဆောင်ခြင်းနှင့်ထိန်းသိမ်းမှုရှိစေရန်၊ ဆေးထိုးမှုမှန်ကန်စေရန်၊ ကာကွယ်ဆေးထိုးပြီးနောက် မလိုလားအပ်သော အခြေအနေနှင့် ဘေးကင်းလုံခြုံမှုအချက်အလက်များရရှိရန် ဆက်သွယ်ခြင်းစသည်တို့ကို ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်။ ယခုဆိုလျှင် ကာကွယ်ဆေးကိုအသုံးပြုရန် ထောက်ခံချက်မှာ အရေးပေါ်အခြေအနေရှိနေသော်လည်း အစိုးရသည် ကိုဗစ် - ၁၉ရောဂါ ကာကွယ်ဆေးကို အချိန်မီစေရန် ဂရုတစိုက်စီစဉ် လုပ်ဆောင်ပေးလျက်ရှိပါသည်။ သို့သော် ဘေးကင်းလုံခြုံမှုစံနှုန်းကို လက်ကိုင်ထားပြီး ပြည်သူများအပေါ် အကျိုးရှိရှိမည်မှာ အရေးကြီးဆုံး ဖြစ်သည်။

ပုံမှန်စနစ်ကို ခြေရာခံ စုံစမ်းစစ်ဆေးပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အဆင့်မြင့်သိပ္ပံသုတေသနနှင့် ဆန်းသစ်တီထွင်မှု ပညာရေး ဝန်ကြီးဌာနမှ ထိုင်းလူမျိုးများအတွက် ကာကွယ်ဆေးထိုးခြင်းအစီအစဉ်တိုးတက်မှုအတွက် သုတေသန လုပ်ခြင်းကို ထောက်ပံ့မှုပေးခဲ့ သည်။ အထက်ပါ သုတေသနရလဒ်များအရ ထိုင်းနိုင်ငံတွင် အသုံးပြုသည့်ကာကွယ်ဆေး အမျိုးအစား ၂ မျိုးလုံးသည် ကိုယ်ခံစွမ်းအားစနစ် ကောင်းမွန်ပြီး ဘေးကင်းလုံခြုံမှုရှိကြောင်း တွေ့ရသည်။



## မည်သူသည်ကာကွယ်ဆေးထိုးသင့်သလဲ

ထိုင်းအစိုးရတွင် ထိုင်းလူမျိုးအားလုံးကိုအခကြေးငွေမယူဘဲ အဓိကကျသောလူသားအခွင့်အရေး၊ ကျင့်ဝတ်နှင့် စိတ်စေတနာဖြင့် တန်းတူ ညီမျှမှုအပေါ်အခြေခံပြီး ထိုင်းလူမျိုးအားလုံးကို ကာကွယ်ဆေးခွဲဝေပေးမည့် မူဝါဒရှိသည်။ သို့သော် အစပိုင်းတွင် ကာကွယ်ဆေးသည် ပမာဏအနည်းငယ်သာ ရှိပါသည်။ ထို့ကြောင့်ထိုင်းနိုင်ငံသည် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ယှဉ်တွဲပြီး ကာကွယ်ဆေးခွဲဝေပေးမည့် လမ်းညွှန်းချက်များရှိပါသည်။ ကာကွယ်ဆေးခွဲဝေပေးရာတွင် အဓိကကျသော ရည်မှန်းချက် (၂) ရပ်မှာ -



1. ကျန်းမာရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ကုသပေးနိုင်ရန်အတွက်

ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါထိန်းချုပ်ရေးဘက်ရှိဝန်ထမ်းများအား ထည့်သွင်းစဉ်းစားခြင်း ဖြစ်ပါသည်။ ယခုဆိုလျှင် ရှေ့ထွက်ဦးဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းအများစုကို ကာကွယ်ဆေး ထိုးပြီးခဲ့ပါသည်။




2. ပြင်းထန်စွာနာမကျန်းဖြစ်မှုနှင့် သေဆုံးမှုလျော့ကျစေရန်အတွက် ပြင်းထန်သော ဖျားနာမှုနှင့် အသက်အန္တရာယ်ကြုံတွေ့နိုင်သည့် နိုင်ငံသားအုပ်စု

ဥပမာ - အသက်အရွယ်ကြီးသူ နှင့် ရောဂါအခံရှိသည့်နိုင်ငံသားအုပ်စု။
ဥပမာ- ဆီးချို၊ နှလုံးသွေးကြော၊ အဝလွန်ရောဂါ (ကိုယ်အလေးချိန် ၁၀၀ ကီလိုဂရမ် (သို့မဟုတ်) ၁ စတုရန်းမီတာတွင် ၃၅ကီလိုဂရမ် ထက်ပိုပြီး ခန္ဓာကိုယ်ဒြပ်များနေခြင်း) ဦးနှောက် သွေးကြောရောဂါ၊ နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်ရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါ စသည့်တို့ကို ခံစားနေရသောသူများကို ဖွန်လမှစ၍ ကာကွယ်ဆေးများ စတင်ထိုးပေးမှာ ဖြစ်ပါသည်။

ယခုဆိုလျှင် ရောဂါကူးစက်မှုအခြေအနေသည်အချိန်တိုင်းပြောင်းလဲနေသောကြောင့် အစိုးရမှ ကူးစက်မှုအများဆုံးဖြစ်သည့်နေရာ (သို့မဟုတ်) စီးပွားရေးလုပ်သည့်နေရာများရှိပြည်သူလူထုများအား ဝန်ဆောင်မှုတိုးချဲ့ပေးသွားမည့် ရည်မှန်းချက်ရှိပါသည်။ ဥပမာ - လူအများနှင့်တွေ့ရမည့်အလုပ်လုပ်ကိုင်သည့်ပြည်သူများ၊ ဆရာ၊ ဆရာမ စီးပွားရေးကဏ္ဍ/ ကုန်ထုတ်လုပ်မှုကဏ္ဍရှိ ပြည်သူများနှင့် တစ်နိုင်ငံလုံးကို ထိန်းချုပ်မှုပြုလုပ်နိုင်သည့် အဆင့်ရောက်ထိတိုင်အောင် တိုးချဲ့လုပ်ဆောင်သွားပါမည်။

## ကာကွယ်ဆေးမထိုးသင့်သောသူများ




ယခုဆိုလျှင် ထိုင်းနိုင်ငံတွင် (၂၈ရက်နေ့ မေလ၊ ၂၀၂၁ခုနှစ် သတင်းအရ ) ကာကွယ်ဆေး(၅) မျိုးကို ထောက်ခံချက်ပေးထားပါသည်။ ဤသည်မှာ AstraZeneca ကုမ္ပဏီမှကာကွယ်ဆေး၊ Sinovac ကုမ္ပဏီမှကာကွယ်ဆေး၊ Johnson & Johnson ကုမ္ပဏီမှကာကွယ်ဆေး၊ Moderna ကုမ္ပဏီမှ ကာကွယ်ဆေးနှင့် Sinopharm ကုမ္ပဏီမှကာကွယ်ဆေး တို့ဖြစ်ပါသည်။ ဤကာကွယ်ဆေး(၅) မျိုးစလုံးသည် ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး၏ ပါဝင်ပစ္စည်းနှင့် မတည့်သောရောဂါအခြေအနေရှိသည့်သူများကို ထိုးရန် တားမြစ်ထားပါသည်။

ကာကွယ်ဆေးထိုးရန် သတ်မှတ်ထားသည့်ရက်တွင်အဖျားကြီးပါက မည်သူမဆို ကာကွယ်ဆေးထိုးခြင်းကို အရင်ရက်ရွှေ့ရမည်။ အကယ်၍ ကိုယ်လက် အနည်းငယ်နာကျင်မှုရှိပါက ကာကွယ်ဆေးထိုးခြင်းကိုမရွှေ့သင့်ပါဘူး။

ရောဂါအခံရှိသောသူများအတွက် ( ဆီးချို၊ နှလုံးနှင့်သွေးကြောရောဂါ၊ အဝလွန်ရောဂါ၊ ဦးနှောက်သွေးကြောရောဂါ၊ နာတာရှည်အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါ၊ ခုခံအားကျဆင်းမှု ရောဂါ၊ အိတ်ချ်အိုင်ဗွီရောဂါ၊ ဓာတ်မတည့် ရောဂါ) အဆိုပါရောဂါရှိသောသူများသည် ပြင်းထန်သောကိုဗစ် - ၁၉ရောဂါ ဝင်ရောက်နိုင်သည့်အန္တရာယ်ရှိပါသည်။ ထို့ကြောင့် ကာကွယ်ဆေးထိုးရန် ပထမအဆင့်အနေဖြင့် ထည့်သွင်းစဉ်းစား ပေးရမည့်အုပ်စု ဖြစ်ပါသည်။ထို့ကြောင့် ရောဂါအခြေအနေတည်ငြိမ်မှုမရှိသောလူနာမှ လွဲ၍ ဤရောဂါလက္ခဏာ အုပ်စုအား ကာကွယ်ဆေး ထိုးရန်မတားမြစ်သင့်ပါ။ ရောဂါအခြေအနေတည်ငြိမ်မှုမရှိသော လူနာအုပ်စုသည် ကာကွယ်ဆေး ထိုးရန် လမ်းညွှန်ချက်တောင်းခံရန်အတွက် မိမိပြနေသောဆရာဝန်နှင့်ဆွေးနွေးသင့်ပါသည်။ အကယ်၍ ဖြစ်နိုင်ပါက အမြဲကုသနေသည့် ဆေးရုံတွင်ကာကွယ်ဆေးထိုးရန် အကြံပြုပါသည်။ (သို့မဟုတ်) အဆင်မပြေပါက ကာကွယ်ဆေး မထိုးမီ ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို ကြိုတင်အကြောင်းကြားသင့်ပါသည်။

သွေးခဲသွေးပျော်ဆေး (သို့မဟုတ်) သွေးခဲမာကျောခြင်းကို ခုခံပေးသည့်ဆေးများ သောက်သောသူများသည်လည်း ကာကွယ်ဆေးထိုးနိုင်ပါ သည်။ ဝါဖာရိန်ဆေး (သွေးခဲဆေး) ကိုသောက်သုံးသောသူသည်ဆရာဝန်(သင့်တော်သော (INR) တန်ဖိုး ရှိရမည်) နှင့်တိုင်ပင် ဆွေးနွေးသင့်သည်။ ထို့ကြောင့် သေးငယ်သောဆေးထိုးအပ်ပြင်ဆင်ထားရန်၊ ဆေးထိုးပြီးနောက် သွေးထွက်လာခြင်းကိုကာကွယ်ရန်နှင့် အချိန်ကြာမြင့်စွာသွေးထွက်ခြင်းကိုတားဆီးနိုင်ရန် သွေးထွက်ခြင်းကိုကာကွယ်နိုင်ရန်အတွက် အထက်ပါရောဂါအခံရှိသူများသည် ကာကွယ်ဆေးထိုးပေးသည့်ဌာနမှ တာဝန်ရှိသူများကို အကြောင်းကြားသင့်သည်။



# ကာကွယ်ဆေး ထိုးပြီးနောက်ဆိုးကျိုးများ

ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးပြီးနောက် ဆိုးကျိုးများဖြစ်လာခြင်းကိုတော်တော်များများတွေ့ရပါသည်။ မျှော်လင့်ထားသည်ထက် မဆိုးဂါးပါ။ ဆိုးကျိုးအများစုသည် ပြင်းထန်မှုမရှိဘဲ အချိန်အနည်းငယ်၌ပင် အလိုအလျောက် ပျောက်ကင်းသွားတတ်ပါသည်။ ဥပမာ- ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံးကိုက်ခဲခြင်း၊ အားနည်းခြင်း၊ ဆေးထိုးထားသည့်နေရာတွင်ယောင်ခြင်း၊ နီမြန်းခြင်း စသည့် အခြေအနေများသည် နေမကောင်းမှုကိုဖြစ်စေပါသည်။ ၎င်းလက္ခဏာများသည် သက်ကြီးရွယ်အိုများထက် အလုပ်လုပ်သူ (သို့မဟုတ်) လူငယ် လူရွယ်များတွင်အတွေ့များသည်။ သို့သော် တခြားတစ်ဖက်မှကြည့်လျှင်ဤအခြေအနေများသည် ဖျားနာခြင်း၊ သေဆုံးမှုကို ကာကွယ်ရန်အတွက် ခန္ဓာကိုယ်၏ ခုခံစွမ်းအားစနစ်ကောင်းမွန်စေရန် ကာကွယ်ဆေးမှလှုံ့ဆော်ပေးနေခြင်းဖြစ်သည် ဟုမှချပြောနိုင် ပါသည်။

လူတော်တော်များများသည် ဆေးထိုးပြီးနောက် ဖြစ်လာသောဆိုးကျိုးအခြေအနေကို ကာကွယ်ဆေးနှင့်မတည့်ခြင်းကြောင့် ဖြစ်လာသော အခြေအနေဟု နားလည်မှုလွဲတတ်ကြပါသည်။ ကာကွယ်ဆေးနှင့်မတည့်သောအခြေအနေသည် ကာကွယ်ဆေးအပေါ် ပုံမှန်ထက်ပို၍ ခုခံစွမ်းအားတုံ့ပြန်မှုကြောင့်ဖြစ်သည်။ ဤကာကွယ်ဆေးနှင့်မတည့်သော အခြေအနေသည် ကာကွယ်ဆေးထိုးပြီးနောက် ဖြစ်ပေါ်လာသော ဆိုးကျိုးတစ်ခုသာ ဖြစ်ပါသည်။


ကာကွယ်ဆေးအမျိုးအစားတစ်ခုချင်းစီတွင် ဖြစ်ပေါ်လာသည့်ဆိုးကျိုးများ ကွဲပြားကြပါသည်။ သို့သော် ထောက်ခံချက် ရရှိပြီး မှတ်ပုံတင် ထားပြီးသောကာကွယ်ဆေးသည် ဆိုးကျိုးထက်ကောင်းကျိုးများစွာရှိပါသည်။ ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများမဖြစ်စေနိုင်ပါ (သို့မဟုတ်) အကယ်၍ ပြင်းထန်သောဘေးထွက်ဆိုးကျိုးများတွေ့ရပါက နှုန်းအားဖြင့် အလွန်နည်းပါးကြောင်း တွေ့ရပါလိမ့်မည်။ ကာကွယ်ဆေးထိုး ပြီးနောက်ဖြစ်လာသောဆိုးကျိုးသည် " ကာကွယ်ဆေးကြောင့်တိုက်ရိုက်ဖြစ်ပေါ်လာခြင်း " (သို့မဟုတ်) " ကာကွယ်ဆေးနှင့်တိုက်ရိုက် သက်ဆိုင်မှုမရှိခြင်း " များဖြစ်ပေါ်လာနိုင်ပါသည်။

ကာကွယ်ဆေးနှင့်တိုက်ရိုက်သက်ဆိုင်မှုမရှိသောရောဂါများမှာ ကာကွယ်ဆေးထိုးရန်စိတ်ဖိစီးမှု၊ ကြောက်ရွံ့မှုနှင့် စိုးရိမ်မှုရှိနေကြသည့်သူများတွင် တွေ့ရသည့်စိတ်ပိုင်းဆိုင်ရာ အခြေအနေရှိသူများ (သို့မဟုတ်) ကာကွယ်ဆေး ထိုးခြင်းကြောင့် တိုက်ဆိုင်မှုဖြစ်လာသောနာကျင်မှု အခြေအနေရှိသူများ ဥပမာ-ရောဂါအခံရှိသော သက်ကြီးရွယ်အိုသည် ကာကွယ်ဆေးထိုးပြီးနောက် သေဆုံးသွားခြင်း။ အကယ်၍မှန်ကန်သည့်သတင်းအချက်အလက်မရရှိပါက ဤဘေးထွက်ဆိုးကျိုးများသည် ကျယ်ပြန့်သော လူ့အဖွဲ့အစည်းတွင် စိုးရိမ်မှုကို ဖြစ်ပေါ်လာစေပါသည်။



> ကာကွယ်ဆေးမတည့်ခြင်းမှ ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများသည် ဖြစ်လေ့ရှိပါသည်။ သို့သော် ဖြစ်နိုင်သည့်အခြေအနေ အလွန် နည်းပါးပါသည်။ အထူးသဖြင့် အယ်နာဖိလေ့စီ ဟုခေါ်သော ပြင်းထန်စွာဓာတ်မတည့်မှုဖြစ်ခြင်းသည် အဖြစ်အပျက် ၁သိန်းတွင် ၁ မှ ၁၀ အထိ တွေ့ရ နိုင်သည်။ (ကာကွယ်ဆေး အမျိုးအစားနှင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ လေ့လာမှုရလဒ်အပေါ်တွင် မူတည်ပါသည်။)

တွေ့ရှိရသည့်ကာကွယ်ဆေးမတည့်မှုအခြေအနေများမှာ မျက်နှာ၊ လည်ပင်း (သို့မဟုတ်) ပါးစပ်တွင် အဖုများထွက်လာခြင်း၊ ယားခြင်း၊ ယောင်ယမ်းလာခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးပေါင်ကျခြင်း၊ ပျို့အန်လာခြင်း၊ ဗိုက်နာခြင်း စသည့်အခြေအနေများသည် ကာကွယ်ဆေးထိုးပြီး ပထမဦးဆုံး မိနစ် ၃၀ အတွင်း တွေ့ရလေ့ရှိသည်။ ထို့ကြောင့် ကာကွယ်ဆေး ထိုးပြီးနောက် အနည်းဆုံး မိနစ် ၃၀ အတွင်း စောင့်ကြည့်ရန် အရေးကြီးဆုံး ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ တိုက်ရိုက်အားဖြင့် ထိုကာကွယ်ဆေး အမျိုးအစားနှင့်မတည့်သော မှတ်တမ်းသည် ကာကွယ်ဆေးထိုးထားသော မည်သူမဆို ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများ ရှိလိမ့်မည်ဟု ခန့်မှန်းရမည်မှာ ခက်ခဲပါသည်။ ထို့ကြောင့် ဆေးဘက်ဆိုင်ရာစံနှုန်းအရ ဓာတ်မတည့်သည့်ရောဂါ အခြေအနေကို ချက်ချင်းကုသနိုင်ရန်အတွက် ပစ္စည်းကိရိယာများကို ပြည့်စုံအောင်ပြင်ဆင်ထား ရပါမည်။




ကာကွယ်ဆေးဓာတ်မတည့်သင့်အပြင် ကာကွယ်ဆေးထိုးခြင်းသည် ပြင်းထန်သောအဖြစ်အပျက်ဖြစ်သည့်သွေးခဲမှု ဖြစ်ပေါ်ခြင်းပြဿနာနှင့် သက်ဆိုင်မှု ရှိလာနိုင်သည်။ သို့သော် အဖြစ်အပျက် ၁ သန်းတွင် ၂.၅ မှ ၁၀ အထိ အနည်းဆုံး တွေ့နိုင်သည်။ (အသက်အရွယ်အပေါ် မူတည်ပြီး အနောက်နိုင်ငံတွင် အများဆုံးတွေ့ရသည့်အချို့သောမျိုးရိုးဗီဇနှင့် ဆက်နွယ်မှုရှိနိုင်သည်။) အကယ်၍ ရောဂါချို့ယွင်းချက်ကို အချိန်မီဖော်ထုတ်နိုင်ပါက သွေးခဲရောဂါကို ပျောက်ကင်းအောင် ကုသနိုင်ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကာကွယ်ဆေးမှ ဘေးအန္တရာယ် လုံခြုံမှုရှိကြောင်း သိရှိစေရန်အတွက် ထိုင်းနိုင်ငံသည် ရောဂါချို့ယွင်းချက်ကို စစ်ဆေးဖော်ထုတ်ပေးနိုင်သည့်စနစ်ကို ပြင်ဆင်ခြင်း၊ အသုံးစရိတ်များပြင်ဆင်ခြင်း၊ ထောက်ခံချက်ရရှိထားပြီး ကုသရာတွင် အသုံးပြုသည့်ဆေးဝါးများ၊ သတင်းအချက်အလက်များကို အနီးကပ်စုံစမ်းခြင်း အထိ ပြင်ဆင်ထားပါသည်။

## ကာကွယ်ဆေးဝန်ဆောင်မှုပေးခြင်း

ထိုင်းနိုင်ငံအတွင်းနေထိုင်သည့်လူတိုင်းသည် အခကြေးငွေပေးရန်မလိုဘဲ ကိုဗစ် - ၁၉ကာကွယ်ဆေးထိုးနိုင်ရန် အခွင့်အရေး ရှိသည်။ အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများမှဆေးရုံများ (သို့မဟုတ်) နေရာအသီးသီး (ကုန်တိုက်၊ အားကစားရုံ) ၊ ပုဂ္ဂလိကဆေးရုံများတွင် ပုံစံ အမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကာကွယ်ဆေးကိုရွေးချယ်ပြီး ဝန်ဆောင်မှုပေးသွားမည့်အပိုင်း ရှိပါသည်။

- ကာကွယ်ဆေးအမျိုးအစားသည် ယခုဆိုလျှင်အမျိုးအစား ၂ မျိုးရှိပါသည်။ ၎င်းမှာ AstraZeneca နှင့် Sinovac ကာကွယ်ဆေး ဖြစ်ပါသည်။ တစ်နိုင်ငံလုံးရှိလူများကိုထိန်းချုပ်နိုင်ရန်အတွက် အခြားကာကွယ်ဆေး အမျိုးအစားများကိုထပ်မံစီစဉ်ရန် ဆေးနွေး လျက်ရှိပါသည်။
- အနာဂတ်ပန်းတိုင်တွင် ကလေးအရွယ်အုပ်စုအထိ တိုးချဲ့သွားပြီး မျိုးရိုးဗီဇပြောင်းပိုးမွှားများအပေါ် ထိရောက်စေသော ကာကွယ် ဆေးများကို ရှာဖွေပါမည်။
- ဝန်ဆောင်မှုပေးရာတွင် စီစဉ်ညွှန်ကြားသူအပေါ် မူတည်သည့်အခွင့်အရေးများစွာ ဖွင့်ပေးထားပါသည်။ ဥပမာ- ကျန်းမာရေး ဝန်ထမ်းများဆီတွင်စာရင်းသွင်းခြင်း၊ လုပ်ငန်းသုံးပရိုဂရမ် (ဝက်ဘ်ဆိုက်၊ ဖုန်း) ဆေးရုံတွင် စာရင်းသွင်းခြင်း ၊ ပုဂ္ဂလိက အဖွဲ့အစည်း၏ ထောက်ပံ့မှုဖြစ်သောနေရာတွင် စာရင်းသွင်းခြင်း (အကျိုးဆိုင် (သို့မဟုတ်) ဖုန်းအရောင်းဆိုင် များတွင်)

## ကာကွယ်ဆေးထိုးမည်သူများလုပ်ဆောင်ရမည့်အဆင့် ၈ချက်

1. ဝန်ဆောင်မှုလက်ခံယူရန်စာရင်းသွင်းခြင်း။
2. ကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်တိုင်းခြင်း။
3. ကိုယ်ရေးရာဇဝင်စစ်ဆေးခြင်း။
4. ကာကွယ်ဆေးမထိုးမီအသိပညာ၊ ဗဟုသုတကိုနောက်တစ်ကြိမ်ရှင်းပြပြီး ကာကွယ်ဆေးထိုးရန်စောင့်ခြင်း။
5. လက်မောင်းတွင်ကာကွယ်ဆေးထိုးခြင်း။
6. ကူညီစောင့်ရှောက်ရန်ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ပစ္စည်းကိရိယာများရှိသည့် ဆေးရုံအခန်းတွင် မိနစ် ၃၀ ရောဂါလက္ခဏာ အခြေအနေကို စောင့်ကြည့်ပါ။
7. အိမ်မပြန်မီ လမ်းညွှန်စာများနှင့်အသိပညာ ပေးစာစောင်များယူပြီး ရောဂါလက္ခဏာ များကို စစ်ဆေးပါ။
8. သတင်းအချက်အလက်များကိုစုံစမ်းပြီး နည်းလမ်းအမျိုးမျိုးဖြင့် ဆက်သွယ်ပါ။

# ကာကွယ်ဆေးမထိုးမီ၊ ထိုးနေစဉ်၊ ထိုးပြီးနောက် လိုက်နာရမည့်အချက်များ


> ကာကွယ်ဆေးထိုးပြီးနောက်၊ ထိုးနေစဉ်၊ မထိုးခင် လူတိုင်း နှာခေါင်းစည်းတပ်ခြင်း၊ အကွာဝေးဝေးတွင်နေခြင်းနှင့် လက်ဆေးခြင်း ပြုလုပ်ရမည်။

အကယ်၍ဖြစ်နိုင်ပါက ကာကွယ်ဆေးထိုးမည့်သူသည် ကာကွယ်ဆေးနှင့် ပတ်သက်သည့်အချက်အလက်များကို လေ့လာသင့်ပြီး ဝန်ဆောင်မှု လက်ခံယူရမည့် အဆင့်များကို နားလည်ရမည်။ အကယ်၍မေးမြန်းစရာ အချက်အလက်များရှိပါက ဝန်ဆောင်မှုပေးသည့်ဌာန (သို့မဟုတ်) ကျန်းမာရေးဝန်ထမ်းများ (သို့မဟုတ်) ဖုန်းဖြင့်စာရင်းသွင်းထားသည့် ဝန်ဆောင်မှုဌာန(သို့မဟုတ်) ဆက်သွယ်မေးမြန်းနိုင် ပါသည်။

သတ်မှတ်ထားသည့်ရက်မတိုင်မီ လုံလောက်စွာအနားယူပါ။ ပုံမှန်အမြဲသောက်နေကျဆေးများကိုမသောက်ဘဲ ရှောင်ရှားရန် မလိုအပ်ပါ။ (ဆရာဝန်ညွှန်ကြားထားသောဆေးမှလွဲ၍) လက်ဖက်ရည်၊ ကော်ဖီတို့ကို ပုံမှန်သောက်နိုင်ပါသည်။

သတ်မှတ်ထားသည့်ရက်ရောက်သောအခါ အချိန်မတိုင်ခင် ဆေးထိုးမည့် နေရာကို အရင်သွားသင့်သည်။ ကျန်းမာရေးအချက်အလက်များကို အတည်ပြုရရန် စာရွက်စာတမ်း (သို့မဟုတ်) အချက်အလက်များကို ပြင်ဆင်ရပါမည်။ အဆင်ပြေသလို အမျိုးမျိုးသောနည်းလမ်းများဖြင့် စာရင်းသွင်းပါ။ ကာကွယ်ဆေးထိုးပြီးနောက် ဘေးထွက်ဆိုးကျိုး အခြေအနေများကို စောင့်ကြည့်ရန်အတွက် ကာကွယ်ဆေးထိုးသည့် နေရာတွင် အနည်းဆုံးမိနစ် ၃၀ အနားယူပါ။

ကာကွယ်ဆေးထိုးပြီးနောက်ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးအခြေအနေများကို စောင့်ကြည့်သင့်သည်။ အကယ်၍ ဖျားခြင်း (သို့မဟုတ်) ခေါင်းကိုက်ခြင်းဖြစ်လာပါက ဖျားနာပျောက်ဆေး ပါရာစီတမောကို သောက်ပါ။ အကယ်၍ ဝေခွဲမရဘဲ အခြားရောဂါလက္ခဏာ ဖြစ်လာပါက ဥပမာ- အဖုထွက်ခြင်း၊ အဖျားတက်ခြင်း၊ မူးဝေခြင်း၊ သတိလစ်ခြင်း၊ အားနည်းလာခြင်း၊ ထုံခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ဗိုက် ပြင်းထန်စွာနာခြင်း၊အသက်ရှူရခက်ခြင်း စသည်တို့ဖြစ်လာပါက ကျန်းမာရေးဝန်ထမ်း နှင့်တိုင်ပင်ခြင်း (သို့မဟုတ်) ၁၄၂၂ ဆီ ဖုန်းဆက်ခြင်း၊ ၁၆၆၉ ဆီဖုန်းဆက်ပြီး ဆေးအမြန်ကုသရမည်။ ပထမဦးဆုံးကာကွယ်ဆေးထိုးပြီးနောက် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးရန် မိမိကိုယ်ကိုပြင်ဆင်ထားသင့်သည်။ ထို့ကြောင့် ကာကွယ်ဆေးမထိုးမီ၊ ထိုးနေစဉ်၊ ထိုးပြီးနောက်လူတိုင်း နှာခေါင်းစည်းတပ်ခြင်း၊ အကွာဝေးဝေးနေခြင်းနှင့် လက်ဆေးခြင်း ကိုပြုလုပ်သင့်သည်။




# ကာကွယ်ဆေးနှင့်ပတ်သက်ပြီး သံသယကင်းရှင်းရေး

## နိုင်ငံအတွင်းရှိလူများသည်ရောဂါကာကွယ်ရန်ကာကွယ်ဆေးမည်မျှထိုးရမည်နည်း။

အုပ်စုလိုက်ကိုယ်ခံစွမ်းအားဖြစ်စဉ် (herd immunity ) ဖြစ်ပေါ်လာသည့်တိုင်အောင် နိုင်ငံသားအများစုသည် ကာကွယ်ဆေးထိုးသင့်သည်။ ဆိုလိုသည်မှာ ဤလူမှုအဖွဲ့အစည်းတွင်ခံနိုင်ရည်အား လုံလောက်မှုရှိသည့်နိုင်ငံသား ရှိပါသည်။ အကယ်၍ ရပ်ကွက်အစုတွင် ရောဂါပိုး ကူးစက်ခံရသူရှိလာပါက ရောဂါပိုးမပျံ့လွင့်နိုင်ပါ။ ကိုဗစ် - ၁၉ ရောဂါကဲ့သို့ ဖော်ပြ၍မရနိုင်သော ရောဂါအသစ်ဆန်းဖြစ်ပေါ်လာ သော်လည်း လူဦးရေတော်တော်များများကို ထိန်းချုပ်နိုင်ရန် ကာကွယ်ဆေးထိုးရမည် ဖြစ်သောကြောင့် လူမှုအဖွဲ့အစည်းတွင်ခံနိုင်ရည်အား ရှိလာပါ လိမ့်မည်။ သို့သော် ကာကွယ်ဆေးကို ဝိုင်းဝန်းစုပေါင်း ထိုးကြခြင်းသည် နိုင်ငံအတွင်း ရောဂါပျံ့ပွားမှုကို လျော့ကျစေရန် ကူညီပေးပြီး စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်မည့်နည်းလမ်း တစ်ခုဖြစ် ပါသည်။

အကယ်၍ရပ်ကွက်အစုတွင်လူဦးရေ အနည်းငယ်သာကာကွယ်ဆေးထိုးပါက

အကယ်၍ရပ်ကွက်အစုတွင်လူဦးရေ အတော်တင့်ကာကွယ်ဆေးထိုးပါက



ရပ်ကွက်အစုတွင်ရောဂါဖြစ်ပွားသည့်သူရှိလာသောအခါ ခံနိုင်ရည်အားရှိသောသူနည်းသောကြောင့် ရောဂါပျံ့ပွားခြင်းသည် အလွန်မြန်ဆန် စေပါလိမ့်မည်။

ရပ်ကွက်အစုတွင်ရောဂါဖြစ်ပွားသူရှိပါက ရောဂါကျယ်ပြန့်စွာကူးစက်နိုင်ရန် အလွန်ခက်ခဲလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူအများစုသည် ခံနိုင်ရည်အားရှိသောကြောင့် ရောဂါပြန့်ပွားမှုနည်းပြီးရောဂါမကူးစက်နိုင်ပါ။ ခုခံအား မရှိသေးသည့်လူနည်းစုမှ ရောဂါကူးစက်ခြင်းကို ကာကွယ်ပေးနိုင်ပြီး သွယ်ဝိုက်သောအကျိုးရလဒ် ဖြစ်စေသည်။

ကာကွယ်ဆေးထိုးပြီးသူ | ကာကွယ်ဆေးမထိုးရသေးသူ | ရောဂါပိုးကူးစက်ခံရသူ

## ထိုင်းနိုင်ငံရှိကာကွယ်ဆေးသည်ပြီးဆုံးအောင်မစမ်းသပ်ရသေးဘူး ဟုတ်ပါသလား။


ထောက်ခံချက်ရရှိပြီး သုတေသနလုပ်ငန်းများဖြတ်ကျော်ကာ မှတ်ပုံတင်ထားသည့်ကိုဗစ် - ၁၉ရောဂါကာကွယ်ဆေးသည် အဆင့်အားလုံးကို စမ်းသပ်ထားပါသည်။ အထူးသဖြင့် အဆင့် ၃ ဆင့်ဖြင့် လူသားများအားစမ်းသပ်ထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ထုတ်လုပ်သူနှင့် အစိုးရသည် အခြားသောကျန်းမာရေးဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် အာနိသင် ဆိုင်ရာအချက်အလက်များကို စာရင်းပြုစုရန်လိုအပ်ပါသည်။ ပစ္စည်းများ ဈေးကွက်ထဲသို့ရောက်ပြီးနောက် မှတ်ပုံတင်ရန်နှင့် ဘေးကင်း လုံခြုံမှုကို စုံစမ်းနိုင်ရန်အတွက် တစ်နှစ်အနည်းဆုံး အထက်ပါ အချက်အလက်များရှိရမည်။

## ထိုင်းနိုင်ငံ(သို့မဟုတ်)သွင်းလာသည့်ကာကွယ်ဆေးနှင့်ထိုင်းနိုင်ငံတွင်ထုတ်လုပ်သည့် ကာကွယ်ဆေးသည်အရည်အသွေးတူညီကြပါသလား

ထိုင်းနိုင်ငံတွင်ထုတ်သည့်ကာကွယ်ဆေး Siam Bioscience ကုမ္ပဏီမှထုတ်သည့်ကာကွယ်ဆေးသည် အရည်အသွေး တူညီကြပါသည်။ ဤကုမ္ပဏီသည် အရှေ့တောင်အာရှတွင် ထိုင်းနိုင်ငံသည် ကာကွယ်ဆေးထုတ်လုပ်သည့် အချက်အချာ ကျသည့်နေရာဖြစ်စေရန်အတွက် AstraZeneca ကုမ္ပဏီမှနည်းပညာလွှဲပြောင်းလက်ခံရရှိသည့် ကုမ္ပဏီဖြစ်သည်။ AsrraZeneca ကုမ္ပဏီသည်လက်တွေ့စမ်းသပ်ခန်း၊ ပညာရှင်နှင့်ပစ္စည်းကိရိယာမှစ၍ စက်ရုံတွင်ထုတ်လုပ်မှုလုပ်ငန်းစဉ် လုပ်ဆောင်နိုင်ရန်အထိ တင်းကြပ်စွာ ဆွေးနွေးလုပ်ဆောင်မှုများ ရှိပါ သည်။ အနောက်နိုင်ငံ၏ထုတ်လုပ်မှုကဲ့(သို့မဟုတ်) နိုင်ငံတကာ စံနှုန်းနှင့်အညီပြုလုပ်ထားပါသည်။

## ကိုဗစ် - ၁၉ရောဂါကာကွယ်ဆေးသည် အစ္စလာမ်ပိုင်ဟုတ်ပါသလား။

ကာကွယ်ဆေးထုတ်လုပ်သည့်သူ AstraZeneca၊ Pfizer-BioNTechနှင့်Moderna မှ ကာကွယ်ဆေးသည် ဝက်နှင့် တိရိစ္ဆာန်၏မည်သည့် အစိတ်အပိုင်းကိုမှပေါင်းစပ်ထုတ်လုပ်ထားခြင်းမရှိဟု အခိုင်အမာပြောထားပါသည်။ ထိုစဉ် Sinovac ကာကွယ်ဆေးကို ထောက်ခံသည့် အင်ဒိုနီးရှား၏အမြင့်ဆုံးအစ္စလာမ်အဖွဲ့အစည်းမှ ကိုဗစ် - ၁၉ ကာကွယ်ဆေးကိုထောက်ခံသည့် ဗြိတိသျှအစ္စလာမ် ဆေးဘက်ဆိုင်ရာ ( British Islamic Medical Association) ကဲ့သို့ အစ္စလာမ်ပိုင်ကုန်ပစ္စည်းဖြစ်ပါသည်။







## ကာကွယ်ဆေးသည် ကိုဗစ် - ၁၉ရောဂါကိုမည်မျှကြာအောင်ကာကွယ်ပေးနိုင်မည်နည်း။ မည်သည့်အချိန်တွင်ထိုးရမည်နည်း။

အသုံးပြုမှု မကြာသေးသည့် ကာကွယ်ဆေးအသစ်ဖြစ်သောကြောင့် ပစ္စုပ္ပန်အချိန်တွင် ပညာရှင်များက ခန္ဓာကိုယ်ထဲသို့ ကာကွယ်ဆေးထိုးပြီး မည်မျှကြာအောင် ကာကွယ်ပေးနိုင်သလဲ အချက်အလက်များ မသိသေးပါ။ ဘယ်လောက် အကြာတွင် နောက်တကြိမ်ထပ်ထိုးရမလဲ အဖြေကိုလည်း မဖြေနိုင်သေးပါ။ သို့သော်လည်း ကိုဗစ် - ၁၉ ကာကွယ်ဆေး ထုတ်လုပ်သူများသည် ကာကွယ်ဆေးဆိုင်ရာအချက်အလက်များ အဆက်မပြတ်လေ့လာနေသောကြောင့် အနာဂါတ် အချိန် အဆိုပါအချက်အလက်များ သိရှိနိုင်မည် ဖြစ်ပါသည်။


## ကိုဗစ် - ၁၉ ကူးစက်ခံရပြီး ကာကွယ်ဆေးထိုးဖို့လိုသလား

ကိုဗစ် - ၁၉ ရောဂါကူးစက်ဖူးသည့်သူသည်လည်း ကာကွယ်ဆေးထိုးရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရောဂါကူးစက်မှုမှ ခံနိုင်ရည်စွမ်းအားသည် ၃ လမှ ၆ လလောက်အထိ ရောဂါကာကွယ်ပေးနိုင်သည့် အဆင့်ရှိပါသည်။ ပညာရှင်ပြောပြချက်အရ ကိုဗစ်ကူးစက်ဖူးသည့်သူသည် ၃ လ မှ ၆ လအတွင်း (ကိုဗစ်ပိုးစတင်တွေ့ရှိသည့် အချိန်မှ စတင်ရေတွက်ပါ) ၁ ကြိမ် ကာကွယ်ဆေးထိုးပါ။ အကယ်၍ ပိုးကူးစက်ပြီး ၆လအလွန်တွင် ဒုတိယအကြိမ် ဆေးထိုးပါ (သို့မဟုတ်) ကာကွယ်ဆေး၏ အမျိုးအစားအပေါ်မူတည်ပြီး အစုံလိုက် ထိုးပါ)



## အကယ်၍ ပြင်းထန်သောရောဂါလက္ခဏာရှိလျှင် ကူညီထောက်ပံ့ငွေရှိပါသလား။

အကယ်၍ ထိုင်းလူမျိုးများတွင် ကာကွယ်ဆေးထိုးခြင်းကြောင့် ထိခိုက်ပျက်စီးမှုများရှိပါကအမျိုးသားကျန်းမာရေးအာမခံရုံးချုပ်မှ ဘတ်ဂျက် နှင့် ကူညီထောက်ပံ့မှုလုပ်ငန်းစဉ်ကို ပြင်ဆင်ပြီး ဖြစ်ပါသည်။ ၎င်းအား "ကနဦးကူညီထောက်ပံ့ငွေ" ဟုခေါ်ဆိုပြီး နစ်နာသူ အားအတင်းအကြပ်စေခိုင်းမှုဖြင့် ကာကွယ်ဆေးထိုးခြင်းမှအကျိုးသက်ရောက်မှုများ (သို့မဟုတ်) ကနဦး ကယ်ဆယ်ရေးအကူအညီ ဖြစ်ရန် လိုအပ်သည်။ ကူညီပေးသည့်ငွေပမာဏမှာ ဘတ် ၄ သိန်းမကျော်ပါ။ ရရှိသည့်ထိခိုက်မှု ၊ ပြင်းထန်မှု၊ အမျိုးအစားအလိုက်ခွဲဝေပေးပါမည်။ ဥပမာ - နာကျင်ကိုက်ခဲခြင်း၊ အဆက်မပြတ်နာကျင်ကိုက်ခဲနေခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် ဒုက္ခိတဖြစ်ခြင်း (သို့မဟုတ်) သေဆုံးခြင်း တို့ဖြစ်ကြပါသည်။ နစ်နာသူ (သို့မဟုတ်) ထိခိုက်ခံရသူသည် နိုင်ငံတစ်ဝန်းရှိဆေးရုံ၊ ပြည်နယ် /တိုင်းကျန်းမာရေးဌာနတွင် ထောက်ခံစာ လျှောက်ထားနိုင်သည်။ နစ်နာသူများအတွက် နောက်ကြောင်းပြန်အကျိုးရလဒ်အား ဇန်နဝါရီလ ၂၀၂၁ မှစ၍ ရရှိနိုင်ပါသည်။ ၂ နှစ်အတွင်း လျှောက်ထားနိုင်သည့်အခွင့်အရေးရှိပါသည်။ ထို့ကြောင့် နစ်နာသူသည် ကော်မတီအဖွဲ့အစည်းမှဆွေးနွေးညှိနှိုင်းပြီးနောက် ၅ ရက်အတွင်း ကူညီထောက်ပံ့ငွေရရှိပါလိမ့်မည်။




ထိုင်းကျန်းမာရေးမြှင့်တင်ရေးဖောင်ဒေးရှင်း၏မူပိုင်ခွင့်။ 2021
ဤစာရွက်စာတမ်းသည်ဖြန့်ချီရန်အတွက်သာဖြစ်သည်။ ထုတ်ဝေရောင်းချခွင့်မပြု။